# ဆောင်းလုလင်

## မှော်ရုံတောမှာ ပျော်ဖူးတယ်

ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု





ထူးခြားဆန်းကြယ်သော... ဘီရိုကြီး တစ်လုံးရှိခဲ့သည်။

ထိုဘီရိုကြီးသည်... သာမန်ကြည့်လျှင် စိတ်ဝင်စားစရာ လုံးဝမကောင်းပဲ ဖုံများတက်ကာ ညစ်ပတ်ပေရေနေသော ဘီရိုအဟောင်းကြီး တစ်လုံးသာဖြစ်ပါသည်။

ထိုဘီရိုကြီးထဲတွင်.. ဆန်းကြယ်သော လောကတစ်ခုရှိနေကြောင်းကို မည်သူမျှမသိကြ။ ဘီရိုကြီးထဲမှတစ်ဆင့် ဖြတ်သန်း၍ ထူးခြားဆန်းပြားသော လောကသစ်တစ်ခုကို အရောက်သွားနိုင်ကြောင်းကို မည်သူမျှ မသိခဲ့ကြပါ။

ဘီရိုကြီး၏ ထူးဆန်းအံ့ဩဖွယ်ကောင်းပုံများကို ကံအားလျော်စွာသိရှိခဲ့သူ လူတစ်ဦးသာ ရှိခဲ့ပါသည်။

ထိုသူကတော့.. ကျွန်တော်ပဲဖြစ်ပါသည်။

**မျိုးမြတ်မောင်မောင်**





## နိဒါန်း

( ၁ )

မြို့ကလေးတွင် ဂမ္ဘီရဆရာကြီးတစ်ဦးရှိခဲ့ဖူးသည်။

သူ၏မုတ်ဆိတ်မွေးများမှာ ရှည်လျားကာ ဆံပင်များကလည်း ပခုံးပေါ်ဝဲကျလျှက်ရှိလေသည်။ ဆံပင်များ မုတ်ဆိတ်များအားလုံးမှာ နီညိုရောင်တောက်ကာ ဖွာလံကျဲလျှက်ရှိလေ၏။ တောင်ဇွေးကြီးကိုထောက်ကာ ထောက်ကာ သူလမ်းလျှောက်သည့်အခါတိုင်း မုတ်ဆိတ်မွေးညိုညိုများက တလွင့်လွင့်ဝဲနေသလို၊ ဖီးသင်မထားသောဆံပင်များကလည်း လေထဲ၌ ဝဲပျံလျှက်ရှိတတ်လေသည်။

သူ၏ညာဖက်ပါးတွင် အနက်ရောင်အမှတ်ကြီးတစ်ခုရှိသည်ကိုအစွဲပြု သူ့ကို “ ဘိုးတော်မှတ် ”ဟုခေါ်ကြလေသည်။

ဘိုးတော်မှတ်သည် အမြဲတစေ အဖြူရောင်ကိုသာ ဝတ်ဆင်တတ်လေသည်။ ကြမ်းတမ်းသောချည်ထည်အဖြူရောင်ကို အကျီအဖြစ်ရော၊ ပုဆိုးအဖြစ်ပါချုပ်ဝတ်လေ၏။ ချည်ထည်အဖြူကိုပင်ချုပ်လုပ်ထားသောလွယ်အိတ်အဖြူကြီးကိုလည်း ထာဝရလွယ်ပိုးထားတတ်သည်။ လွယ်အိတ်ကြီးမှာလည်း အမြဲပင်ပြည့်ဖောင်းနေတတ်လေ၏။

သူ့ကို တစ်ခါတစ်ရံ၌ မြို့တွင်းအနှံ့ တစ်နေရာမှတစ်နေရာ သွားလာနေသည်ကို တွေ့ရတတ်သည်။ သူသည် ဘုရားကြိုဘုရားကြားလည်းရောက်သည်။ သချိုင်းကုန်းကိုလည်းရောက်သည်။ အိမ်ကြိုအိမ်ကြား လမ်းကြိုလမ်းကြား အိမ်နောက်ဖေးလမ်းများကိုလည်း ရောက်သည်။ ဘုန်းကြီးကျောင်းကိုလည်း ရောက်သည်။ ဓမ္မာရုံများ၊ ဇရပ်များကိုလည်း ရောက်သည်။